ငပ်ုၸင်း ပျဲတီ,မ့် ,သုင်ဝိုင်ုတံး
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS
E-mail: sspp.hq@gmail.com

ကိုးကန့်ဒေသအတွင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုနှင့် ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ထုတ်ပြန်ကြေငြာချက်

၂၀၁၅ခုနှစ်ဧပြေ ၀၇ရက်၊ (၁၄)ရက်။

၁။ ကိုးကန့်ဒေသ၌မြန်မာတပ်မတော်နှင့်မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)တို့ဖေဖေါ်ဝါရီ(၉)ရက်နေ့မှစ၍လက်နက်ကိုင်ပဋိပက္ခပြင်းထန်စွာဖြစ်ပွားနေခဲ့သည့်အတွက် ကြောင့်နှစ်ဦးနှစ်ဖက်ကျဆုံး၊ ထိခိုက်ဒဏ်ရာများရှိခဲ့ပြီးပြည်သူလူထုအများအပြားစစ်ဘေးဒုက္ခသည် ဖြစ်ခဲ့ရသည်။ ဤကိစ္စအတွက်မိမိအဖွဲ့အစည်းမှများစွာစိတ်မကောင်းဖြစ်မိရပါသည်။

၂။ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲစစ်ဖြင့်ဖြေရှင်းခဲ့သည့်အတွက် နှစ်ပေါင်း (၆၀)ကျော်ပြည်တွင်းစစ်ကြောင့်တိုင်းပြည်သည်အဆင်းရဲဆုံးနိုင်ငံစာရင်း၀င်ဖြစ်ခဲ့ရပြီးပြည်သူလူထုတစ်ရပ်လုံးဆင်းရဲတွင်းနက်သထက်နက်နေခဲ့ရသည့်ခါးသီးသောသင်ခန်းစာကိုယူ၍နှစ်ဖက်ပစ်ခတ်တိုက်ခိုက်နေမှုများကိုအမြန်ဆုံးရပ်စဲကာငြိမ်းချမ်းစွာဖြင့်ပြဿနာများအားဖြေရှင်းရန်မေတ္တာရပ်ခံပါသည်။

၃။ ပြည်တွင်းပြည်ပဘက်ပေါင်းစုံအခြေအနေ၏တောင်းဆိုမှုအရယခုအချိန်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန်အချိန်အခါဖြစ်ပါသဖြင့်နှစ်ဦးနှစ်ဖက်စလုံးမှနိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏အကျိုးစီးပွားကိုဦးထိပ်ထား၍ပြဿနာများကိုစားပွဲဝိုင်းတွင်ငြိမ်းငြိမ်းချမ်းချမ်း တန်းတူ၊ မျှတ၊ စာနာထောက်ထားကြကာဆွေးနွေးညှိနှိုင်းအဖြေရှာပြီးတိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ခေတ်မှီဖွံ့ဖြိုးတိုးတက်ရေးကိုရှေ့ရှုနိုင်ရေးအတွက်သာလုပ်ဆောင်သင့်ကြောင်းတည်ကြည်လေးနက်စွာတိုက်တွန်းပါသည်။

၄။ မိမိအဖွဲ့အစည်းအနေဖြင့်လက်ရှိရရှိထားသောအပစ်အခတ်ရပ်စဲရေးကိုမပျက်ပြားစေရန်အတတ်နိုင်ဆုံးထိန်းသိမ်းနေပါသည်။ ငြိမ်းချမ်းစွာဖြင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးနိုင်ရေးကိုကြိုးစားနေသည့်ဖြစ်စဉ်တွင် နိုင်ငံရေးပြဿနာအပေါ်နိုင်ငံရေးနည်းအရမဖြေရှင်းဘဲစစ်ရေးနည်းဖြင့်ဆက်လက်ဖြေရှင်းနေခြင်းမျိုးမဖြစ်သင့်တော့ပေဟုယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးပြဿနာကိုစစ်ရေးနည်းဖြင့်ဖြေရှင်းခြင်းသည်မှန်ကန်သည့်ရလဒ်အဖြေမရရှိနိုင်ကြောင်းကိုနှစ်ပေါင်း(၆၀)ကျော်သမိုင်းလက်တွေ့ဖြစ်ရပ်များက သက်သေပြခဲ့ပြီးဖြစ်သည့်အတွက်ကြောင့်နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းအရငြိမ်းချမ်းစွာစားပွဲဝိုင်းပေါ်တွင်ဖြေရှင်းခြင်းသည်သာလျှင်အမှန်အကန်ဆုံးနှင့်တစ်ခုတည်းသောနည်းလမ်းသာဖြစ်ကြောင်း မိမိအဖွဲ့အစည်းမှယုံကြည်သည့်အတွက်ကြောင့် နိုင်ငံရေး

ပြဿနာကိုနိုင်ငံရေးနည်းအရငြိမ်းချမ်းစွာဖြေရှင်းသွားနိုင်ရန်အတွက်ကို တစိုက်မတ်မတ်တောင်းဆို နေပါကြောင်းထုတ်ပြန်ကြောညာအပ်ပါသည်။

ဗဟိုကော်မတီ
ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

ဆက်သွယ်ရန်-

ဗိုလ်မှူးကြီးခွန်ဆိုင် အထွေထွေအတွင်းရေးမှူး(၁)
ဖုန်း(၀၉၄၉၅၅၇၉၉၀၃)